# အရေးပေါ်သတင်းထုတ်ပြန်ချက်

၂၀၀၉ ခုနှစ်၊ မေလ (၁၂) ရက်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ ဆရာဝန် အမြန်ဆုံးလွှတ်မြောက်ရန် နိုင်ငံတကာ မိသားစုက တောင်းဆိုရမည်။

ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးနှင့်ကျန်းမာရေးအတွက် အထူးစိုးရိမ်ကြောင်း မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု၏ အဓိကကျသော တိုင်းရင်းသားနှင့် နိုင်ငံရေးအင်အားစုများကို ကိုယ်စားပြုသော တပ်ပေါင်းစု (၇) ရပ်က ယနေ့ထုတ်ဖော်ပြောဆိုလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းတို့အား အမြန်ဆုံးခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ထို (၇) ဖွဲ့က တောင်းဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးသည် အထူးစိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် သွေးပေါင်ချိန်ကျ၍ ရေဓာတ်လျော့နည်းလျက်ရှိပြီး အထူးကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်အား လစဉ်ကျန်းမာရေးစစ် ဆေးခွင့်ရရှိသည့် တဦးတည်းသော မိသားစု ဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို အာဏာပိုင်များက မေလ (၇) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြောင်းနှင့် မည်သည့်အချိန်မှ ပြန်လည်လွှတ်မြောက်မည်ဖြစ်ကြောင်း မသိရှိရသေးပါ။

ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့်(၁၉)နှစ်တာ ကာလတွင် (၁၃)နှစ်ကြာမျှ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရပြီး "တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့" ကလည်း သူမအား ဆက်လက်ထိန်းသိမ်းထားခြင်းမှာ တရားမဝင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားခြင်းမှာ ဥပဒေအရ ၂၀၀၉ ခုနှစ် မေလ (၂၇) ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သည်။ မြန်မာပြည်သူတရပ်လုံးကလည်း ထပ်မံသက်တမ်းတိုးထားသော တနှစ်တာကာလကုန်ဆုံးကာနီးတွင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်မြောက်လာရန် မျှော်လင့်တကြီး စောင့်ဆိုင်းလျက်ရှိကြပြီး စစ်အစိုးရအနေဖြင့် ထပ်မံသက်တမ်းတိုးမည်ကို စိုးရိမ်လျက်ရှိကြသည်။

ထို့အပြင် မေလ(၃) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်းသို့ နိုင်ငံခြားသားတဦး ဝင်ရောက်ခြင်း ဖြစ်ရပ်အပေါ် အခြေပြု၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာတင်မျိုးဝင်းတို့အား လုပ်ကြံတရားစွဲဆိုခြင်းသည် လုံးဝလက်ခံနိုင်ဘွယ်ရာမရှိပါ။

"ဒေါ်အောင်ဆန်းစုကြည်ကို စဖမ်းကတည်းက "ကာကွယ်စောင့်ရှောက်ရန်ထိန်းသိမ်းရခြင်း (protective custody) " ဆိုတဲ့ အကြောင်း ပြချက်နဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလိုနေအိမ်ခြံဝင်းအတွင်း ကျူးကျော်ဝင်ရောက်ခြင်းအတွက် အာဏာပိုင်များမှာသာ တာဝန်ရှိပါတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နိုင်ငံခြားရေးဌာန အတွင်းရေးမှူး ကိုမိုးဇော်ဦးက ပြောသည်။

တိုင်းရင်းသားများနှင့်ဒီမိုကရေစီရေး လှုပ်ရှားမှု အဓိက တပ်ပေါင်းစု (၇) ရပ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၊ အာစီယံနှင့် ဒေသအတွင်း အဓိကကျသော တိုင်းပြည်များအား ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာတင်မျိုးဝင်းတို့ အမြန်ဆုံးခြွင်းချက်မရှိ ပြန်လည်လွှတ်မြောက်ရန်အတွက် အရေးယူဆောင်ရွက်ပေးကြရန် တောင်းဆိုလိုက်သည်။

"ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား (၂၁၀၀) ကျော်ကို ဆက်လက်ထိန်းသိမ်းထားတာရယ်၊ လူမဆန်စွာပြုမူ ဆက်ဆံထားတာတွေ ဟာနိုင်ငံတကာနဲ့ ဒေသတွင်း ဥပဒေတွေကိုချိုးဖေါက်တာဖြစ်တယ်၊ နိုင်ငံတကာမိသားစုအနေနဲ့ နှောင့်နှေးခြင်းမရှိဘဲ အရေးယူဆောင်ရွက် သင့်ပါတယ်။" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သဘာပတိအဖွဲ့ဝင် ဒေါ်သင်းသင်းအောင်က ပြောဆိုပါသည်။

“ဒေါ်အောင်ဆန်းစုကြည်ရဲ့လူထုထောက်ခံမှုအားကို စစ်အစိုးရက ကြောက်လန့်နေဆဲပါပဲ၊ အဲဒါကြောင့် သူတို့အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် ဒေါ်စုကို ထိန်းထားချင်တဲ့ သဘောရှိပါတယ်။ ဒါပေမယ့် ဒီရွေးကောက်ပွဲကို အခြေခံတဲ့ အတုအယောင် အခြေခံဥပဒေအပေါ်မှာ မြန်မာပြည်သူတွေက တော်တော်စိတ်ပျက်ကြပါတယ်။ အဲဒါကြောင့် တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး အတွက် တခုတည်းသော နည်းလမ်းကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို မှန်မှန် ကန်ကန်ပါဝင်ခွင့်ပေးဖို့ပါပဲ၊ အဲဒီလို မဖြစ်ရင်တော့ တိုင်းပြည်ရဲ့ ကံကြမ္မာဟာ ဆိုးရွားသွားနိုင်ပါတယ်။” ဟု တိုင်းရင်းသားလူမျိုးများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမခေါ်ခွန်ဆာက ပြောဆိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တဦးတည်းသော အထိန်းသိမ်းခံနေရသည့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်ဖြစ်သည်။

**ဆက်သွယ်ရန်**


ကိုမိုးဇော်ဦး (+၆၆ ၈၇ ၇၇၃ ၅၅၈၀)
ဒေါ်သင်းသင်းအောင် (+၆၆ ၈၉ ၈၅၅ ၄၁၁၉)
ဦးမခေါ်ခွန်ဆာ (+၆၆ ၈၄ ၃၆၆ ၄၂၃၈)


၁။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
၂။ အမျိုးသားညွန့်ပေါင်းအစိုးရ (ပြည်ထောင်စုမြန်မာနိုင်ငံ)
၃။ တိုင်းရင်းသားလူမျိုးများကောင်စီ
၄။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
၅။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
၆။ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
၇။ တိုင်းရင်းသားလူငယ်များဆုံရပ်